# တိုင်းရင်းသားရေးရာ ဝန်ကြီးများ

၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံသော တိုင်းရင်းသားရေးရာဝန်ကြီး စုစုပေါင်း (၂၉) ဦး ရှိသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ (၁၅) အရ လျော်ကန်သင့်မြတ်သော လူဦးရေရှိသည့် တိုင်းရင်းသားလူမျိုးများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြုရေးတွင် တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်။ တိုင်းရင်းသားရေးရာ ဝန်ကြီးများသည် အဓိကအားဖြင့် မိမိတို့လူမျိုးစုရေးရာကိစ္စရပ်များကို ဆောင်ရွက်ရမည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသည့် တိုင်းရင်းသား ဦးရေ မည်မျှရှိကြောင်း၊ သတ်မှတ်ထားသည့်လူဦးရေရှိပါက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ မဲဆန္ဒနယ်များ သတ်မှတ်နိုင်ရန် တိုင်းရင်းသားရေးရာ ကိုယ်စားလှယ် ရွေးကောက်ပွဲအတွက် အချက်အလက်များအတွက် တာဝန်ရှိသည်။ တိုင်းရင်းသားရေးရာ ဝန်ကြီးများကို တိုင်းရင်းသားလူမျိုးစုဦးရေသည် မြန်မာနိုင်ငံလူဦးရေ၏ (၀.၁) ရာခိုင်နှုန်း သို့မဟုတ် အထက်ရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ရွေးချယ်တင်မြှောက်ပါသည်။ သို့သော် မိမိတို့ ပြည်နယ်နှင့် တိုင်းဒေသကြီးတွင် အများစုဖြစ်သော လူမျိုးစုများ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော လူမျိုးစုများ မပါဝင်ပါ။ ဥပမာအားဖြင့် ကရင်ပြည်နယ်တွင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး မရှိသည့်အလျောက်၊ ရှမ်းပြည်နယ်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိသောကြောင့် ဓနုတိုင်းရင်းသားရေးရာ ဝန်ကြီးမရှိပေ။ တိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲပြီးသည်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးများ၏ ကိုယ်ရေး အချက်အလက်များကို နိုင်ငံရေးပါတီ၊ အသက်၊ ပညာအရည်အချင်း၊ ကိုးကွယ်သည့်ဘာသာ နှင့် ကိုယ်စားပြု တိုင်းရင်းသားအုပ်စုများအလိုက် လေ့လာဆန်းစစ်ချက်ထားသည်ကို ဖော်ပြသွားမည်ဖြစ်ပါသည်။ ဤဆောင်းပါးတိုတွင် အသုံးပြုထားသော အချက်အလက်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ရရှိပြီး လေ့လာဆန်းစစ်နိုင်ရန် ပညာအလင်းပွင့် မြန်မာသုတေသနမှ Microsoft Excel တွင် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးဖြင့် ထည့်သွင်းခဲ့ပါသည်။

## နိုင်ငံရေးပါတီများ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ တွင် အနိုင်ရပါတီဖြစ်သည့် အလျောက် တိုင်းရင်းသားရေးရာ ဝန်ကြီး (၂၉) နေရာအနက် (၂၁)နေရာ အနိုင်ရရှိခဲ့ပါသည်။ ကယားနှင့် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး (၂) ဦးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဖြစ်သည်။ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ နှင့် ရခိုင်အမျိုးသား ပါတီမှ စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိုင်းရင်းသားရေးရာဝန်ကြီး (၂) နေရာအနိုင်ရရှိခဲ့သည်။ အာခါ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ လီဆူးအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ တို့သည်လည်း ရှမ်းပြည်နယ်တွင် အနိုင်ရရှိခဲ့သည်။ ရှမ်းပြည်နယ် ကချင်တိုင်းရင်းသားရေးရာဝန်ကြီးနေရာကို တစ်သီးပုဂ္ဂလပါတီမှ အနိုင်ရရှိခဲ့ပါသည်။

## ကျား/မ ပါဝင်မှု

မြန်မာနိုင်ငံ၏ အခြားနိုင်ငံရေးဖြစ်စဉ်များနှင့် အလားတူစွာပင် တိုင်းရင်းသားရေးရာဝန်ကြီးများတွင်လည်း အမျိုးသမီးပါဝင်မှု နည်းသည်ကိုတွေ့ရသည်။ ရွေးကောက်ခံ (၂၉ )ဦးအနက် အမျိုးသမီး (၅)ဦးသာပါဝင်ပြီး (၄) မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဖြစ်သည်။ ကျန်တစ်ဦးမှာ စစ်ကိုင်းတိုင်းဒေသကြီး၏ ရှမ်းတိုင်းရင်းသားဝန်ကြီးဖြစ်ပြီး တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးရေးပါတီမှ ဖြစ်သည်။

## အသက်အရွယ်

တိုင်းရင်းသားရေးရာ ဝန်ကြီး (၂၉ )ဦး၏ ပျမ်းမျှအသက်သည် (၅၅)နှစ်ဖြစ်သည်။ အသက်အငယ်ဆုံးမှာ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားဝန်ကြီးဖြစ်သူ ဦးတေဇထွဋ်လှိုင်ထွေး ဖြစ်ပြီး (၂၀၁၆) တွင် အသက် (၃၅) နှစ်သာရှိသေးသည်။ တဖက်မှာလည်း ရှမ်းပြည်နယ် ကချင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဖြစ်သူ ဦးဇုတ်ဒေါင်သည် (၇၃)နှစ်ရှိပြီး အသက်အရွယ်အကြီးဆုံးဖြစ်သည်။

**ကိုယ်စားပြု တိုင်းရင်းသားလူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ**

ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဗမာတိုင်းရင်းသား ရေးရာဝန်ကြီးများသည် အများဆုံးဖြစ်ပြီး တစ်နိုင်ငံလုံးတွင် (၅) ဦးစီရှိသည်။ ရွေးကောက်ခံ တိုင်းရင်းသားရေးရာ ဝန်ကြီး (၂၉ )ဦးအနက် (၁၈) ဦးမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ကျန်ဝန်ကြီးများမှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။

| No | Representation | Total Number of Ministers |
|---|---|---|
| 1. | Kayin Ethnic Affairs | 5 |
| 2. | Bamar Ethnic Affairs | 5 |
| 3. | Chin Ethnic Affairs | 3 |
| 4. | Shan Ethnic Affairs | 3 |
| 5. | Pao Ethnic Affairs | 2 |
| 6. | Rakhine Ethnic Affairs | 2 |
| 7. | Lisu Ethnic Affairs | 2 |
| 8. | Rawang Ethnic Affairs | 1 |
| 9. | La Hu Ethnic Affairs | 1 |
| 10. | Inn Thar Ethnic Affairs | 1 |
| 11. | Mon Ethnic Affairs | 1 |
| 12. | Kachin Ethnic Affairs | 1 |
| 13. | Akha Ethnic Affairs | 1 |
| 14. | Kayan Ethnic Affairs | 1 |

**ဇယား (၁) တိုင်းရင်းသားလူမျိုးစု အလိုက် တိုင်းရင်းသားရေးရာ ဝန်ကြီးဦးရေ**

အချုပ်

တိုင်းရင်းသားရေးရာ ဝန်ကြီးများတွင် မြန်မာနိုင်ငံတွင် လူဦးရေ အများဆုံးဖြစ်သော်လည်း ဗမာတိုင်းရင်းသားရေးရာဝန်ကြီးများ ပါဝင်ကြောင်းတွေ့ရသည်။ (၂၁) ဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဖြစ်ပြီး အမျိုးသမီးဝန်ကြီးဦးရေမှာ (၅) ဦးသာရှိသည်။

**ကိုးကား**

၂၀၁၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်

## Ethnic Affairs Ministers

A total of 29 Ethnic Affairs Ministers were elected in the 2015 General Elections. According to the article 15 in 2008 Constitution, national races representatives are entitled to participate in legislature of Regions or States and Self-Administered Areas concerned. Ethnic affairs ministers shall undertake their ethnic affairs.

The Ministry of Immigration and Population (MoIP) has the responsibility to provide the data for the ethnic ballot – the numbers of how many ethnic groups are where – so that the UEC shall set up constituencies if there are enough voters to have an ethnic representative. Ethnic Affairs Ministers are elected in state/region where an ethnic community has a population equal to, or greater than, 0.1% of the national population of Myanmar. This does not apply to ethnic groups that are the majority within their state/region of already has a self-administered district/zone (Union Election Commission). For example: There is no Kayin Ethnic Affairs Minister in Kayin State or Danu Ethnic Affairs Ministers in Shan State since there is Danu self-administered zone. After their election, ethnic representatives are directly appointed to become Ethnic Affairs Ministers.

This article presents a brief analysis of ethnic affairs ministers' demographics in terms of political parties, age, education, occupation, religion and ethnicity. The data used in this brief article was obtained from Union Election Commission and Enlightened Myanmar Research Foundation (EMRef) transcribed into excel format both in Burmese and English for the purpose of analysis.

### Political Parties

The National League for Democracy, the winning party of the 2015 General Elections, took 21 out of 29 ethnic affairs ministers. Two ethnic ministers representing Bamar in Kayah and Shan State are from the Union and Solidarity and Development Party. Tai-Leng Nationalities Development Party and Arakan National Party managed to win ethnic affairs ministers' posts in Sagaing region and Yangon regions. Akha National Development Party, La Hu National Development Party, Lisu National Development Party won their respective ethnic affairs ministers posts in Shan State. An individual representing Kachin in Shan State won as well.

**Gender**

Women are under-represent in ethnic affairs minister post in a similar way they are in Myanmar political process.  Only 5 out of 29 elected ethnic affairs ministers are female. While 4 of them are from National League for Democracy, the Shan Ethnic Affairs Minister in Sagaing is from Tai-Leng Nationalities Development Party.

**Age**

The average age of 29 ethnic affairs ministers is 55. U Tayza Htut Hlaing Htwe, who represent Bamar in Kayin State is the youngest and is 35 years old as of 2016. On the other hand, U Zote Daung who represents Kachin in Shan State is 73 years old and the oldest.

**Representing Ethnic Group and Religion**

The numbers of ministers representing Kayin and Bamar  are the highest and there five ministers each across Myanmar. A total 18 out of 29 ethnic affairs ministers are Buddhist while the rest are Christians.

| No | Representation | Total Number of Ministers |
|---|---|---|
| **1.** | Kayin Ethnic Affairs | 5 |
| **2.** | Bamar Ethnic Affairs | 5 |
| **3.** | Chin Ethnic Affairs | 3 |
| **4.** | Shan Ethnic Affairs | 3 |
| **5.** | Pao Ethnic Affairs | 2 |
| **6.** | Rakhine Ethnic Affairs | 2 |
| **7.** | Lisu Ethnic Affairs | 2 |
| **8.** | Rawang Ethnic Affairs | 1 |
| **9.** | La Hu Ethnic Affairs | 1 |
| **10.** | Inn Thar Ethnic Affairs | 1 |
| **11.** | Mon Ethnic Affairs | 1 |
| **12.** | Kachin Ethnic Affairs | 1 |
| **13.** | Akha Ethnic Affairs | 1 |
| **14.** | Kayan Ethnic Affairs | 1 |

Table (1) Number of Ethnic Affairs Ministers by Ethnic Groups

## Conclusion

It is apparent that there are Bamar Ethnic Affairs Ministers despite Bamar being the majority across Myanmar. Only 4 out of all ministers are female and the National League for Democracy occupied 21 seats.

## References

Constitution of the Republic of the Union of Myanmar (2008)
Union Election Commission, Myanmar